**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/NM/၀၁၉ /၂၀၂၀
ရက်စွဲ၊၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၆ ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်း ကိစ္စ။**

ရည်ညွှန်းချက်။ (၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ၄-၁၂-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ လညန/ ထသရ/ ၃-ထွေ/၂၂၈၈

(၂) ဤဦးစီးဌာန၊တနင်္သာရီတိုင်းဒေသကြီး၊မြိတ်ရုံး၏၅-၁၂-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ရက(မြိတ်)/ညွှန်ကြားချက်/၂၁၉၁

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့် ပတ်သက်၍ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဘေဂျင်းလေယာဉ်မှူး သတိပေးလွှာ ထုတ်ပြန်ရေးရုံးမှ မြန်မာနိုင်ငံ၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ ပေးပို့လာသော ကြေးနန်းစာအရ Space Flight Activities တစ်ခုမှာ ၆-၁၂-၂၀၂၀ ရက်နေ့ နံနက် (၁၀:၂၀) နာရီအချိန်မှ (၁၀:၅၁)နာရီအချိန်တွင်လည်းကောင်း၊ (၁၀:၂၂) နာရီအချိန်မှ (၁၀:၅၂) နာရီအချိန်တွင် လည်းကောင်း ဖြစ်နိုင်ခြေရှိသည့် ဧရိယာ (၁) အဖြစ် ထားဝယ်လေဆိပ်၏ အနောက်တောင်ဘက် ရေမိုင် (၅၅) မိုင်ခန့်နှင့် မြိတ်လေဆိပ်၏ အနောက်ဘက် ရေမိုင် (၈၀) ခန့်အကွာ ဘင်္ဂလား ပင်လယ်အော် အတွင်း ရေပြင် **နောက်ဆက်တွဲ (က)** နှင့် ဧရိယာ (၂) အဖြစ် ကော့သောင်းလေဆိပ်၏ အနောက်တောင်ဘက် မြန်မာ့လေပိုင်နက်၏ အပြင်ဘက် ထိုင်းနိုင်ငံ လေပိုင်နက် ဘင်္ဂလားပင်လယ်အော်အတွင်း ရေပြင် **နောက်ဆက်တွဲ (ခ)** တို့တွင် မြေပြင်မှ အမြင့်ပေ အကန့်အသတ်မရှိ Space flight အစိတ်အပိုင်းများ ကျရောက်နိုင်ကြောင်း ရည်ညွှန်းချက် (၁) ပါစာအရ ရည်ညွှန်းချက် (၂)ပါ စာဖြင့် ဤဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊မြိတ်ရုံးမှ ပေးပို့တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ Space flight အစိတ်အပိုင်းများ မြန်မာ့ရေပိုင်နက်အတွင်း ကျရောက်နိုင်သည့် **နောက်ဆက်တွဲ (က)**ပါ မြေပုံတွင် ဖော်ပြထားသော ဧရိယာ (၁) အတွင်း ဖော်ပြပါအချိန်များ၌


ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွားလှေများနှင့် စက်တပ်သမ္ဗာန်များ သွားလာခြင်းမပြုကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

မိုးကျော်-ညွှန်ကြားရေးမှူး(SSE)

နောက်ဆက်တွဲ (က)

## Spaceflight အစိတ်အပိုင်းကျရောက်နိုင်သည့်ဧရိယာ (၁)



## Spaceflight အစိတ်အပိုင်းကျရောက်နိုင်သည့်ရေိယာ (၂)

